# ပျူး

အိပ်မက်မှူးသူ



# အခန်း(၁)

''ဟူး''

''ဟား''

''ယားစ်''

စာမေးပွဲခန်းထဲကနေ အောင်အောင်မြင်မြင်ဖြေဆိုပြီး ထွက်လာတိုင်း သူငယ်ချင်းသုံးယောက် လက်သီးချင်းဆုံ၍ ထိုသို့အောင်ပွဲခံနေကျပါ။ ဒါပေမဲ့ နောက်ထပ်သုံးရက်ဖြေဖို့ ကျန်နေသေးသည်။

ကြားထဲမှာ စနေ တနင်္ဂနွေခံနေ၍ စာကျက်ချိန်ရတာ မို့ ထိုသုံးရက် အတွက်လည်း သိပ်ပူစရာမလို။

''အောင်သက် အိုကေနော်''

''အိုကေပါ မင်းရော ဇော်မိုး''

''အေးဆေးပါ ငါတို့တောင် ဒီလိုဆိုရင် ထိပ်တင်ကိုကိုက မိုင်နာပဲ ဖြစ်လိမ့်မယ် ဟုတ်တယ်မဟုတ်လား''

''မိုင်နာက မိုင်နာပါ၊ ဒါပေမဲ့ ဒီလိုထိပ်တင်ဆိုတာကြီးထည့်ထည့် မခေါ်နဲ့ကွာ၊ အသည်းယားလို့''

''ဟ အဘွားက ဒေါ်ထိပ်တင်ကြီး၊ အမေက ဒေါ်ထိပ်တင်မေ၊ အဒေါ်က ဒေါ်ထိပ်တင်ဝေ၊ မင်းက ထိပ်တင်ကိုကို၊ ထိပ်တင်မျိုးရိုးကို အဲဒီ လို မခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ''

''ကိုကိုလို့ခေါ်နေကျအတိုင်း ခေါ်ကြစမ်းပါ၊ အဲဒီ ထိပ်တင်ကိုကို ကြီးတပ်ခေါ်တာ နောက်သလိုပြောင်သလို ဖြစ်နေတယ်''

''ကိုကိုလို့ခေါ်ရတာ မိန်းကလေးတွေအတွက်တော့ အရသာတွေ့ လောက်တယ်၊ ငါတို့ယောကျ်ားလေးတွေအတွက်ကျတော့ မင်းက တင်စီး လွန်းတယ်ကွ၊ ခံတွင်းပျက်တယ်''

''အဲဒါကြောင့် မင်းတို့က နောက်ပြောင်ပြီး ခေါ်နေကြတာပေ့ါ၊ အဲဒါဆို တစ်ဝိုင်းအလကားဖြစ်သွားမယ်နော်''

''ဟဲဟဲ စတာပါ သူငယ်ချင်းလေးရာ၊ အခု စာမေးပွဲဖြေပြီး ဗိုက်ကအရမ်းဆာနေတာကွ၊ ကင်တင်းသွားမယ်နော် နော်လို့''

''လာန္ဒဲ့မနေနဲ့၊ စေတနာကိုမရှိဘူး အလကားလူကြီး''

''မူမနေပါနဲ့ကွာ၊ မင်းကျွေးချင်တာကိုယ် သိပါတယ်၊ နှုတ်ခမ်းစူရင် အာဘွားပေးလိုက်မှာနော်''

''သွား လူဆိုး''

သူတို့သုံးယောက် တခြားသူတွေနှင့် စနောက်ရောနှောခြင်းမရှိပေ မယ့် အချင်းချင်းတော့ တို့ကာဆိတ်ကာ အခြောက်တွေလို စနောက်ကြ သည်။ ဒါပေမဲ့ ယောကျ်ားစစ်စစ်ကြီးတွေပါ။

သူများတွေလို တက္ကသိုလ်လာတက်ပြီး ချစ်သူရည်းစားထား အပျော်ရှာခွင့်မရှိ၍ အချင်းချင်းသာ ရယ်မောအောင် စနောက်နေရခြင်းပင်။

''ဘာဆွဲမှာလဲမှာ''

''ဝက်သားပေါင်း''

''ကြေးအိုးဆီချက်''

''အသားကင်ရယ် ဂျူစ်ရယ်''

''ထမင်းပေါင်း အမှိုက်ကျော်ခြင်းတစ်ပွဲ''

''ဘာလဲ အမှိုက်ကျော်ခြင်းတစ်ပွဲက''

''ဩော် အသီးအရွက်မထည့်နဲ့ပြောတာ၊ မဟုတ်ရင် အသားမမြင် ရဘူး၊ ကော်ရည်နဲ့အသီးအရွက်တွေပဲ များနေတာ၊ အဲဒါတွေ အမြန်လုပ်ခဲ့ ညီလေး''

စားပွဲထိုးလေးကိုမှာပြီး လာချပေးသည့်အခါမှာတော့ သူတို့တွေ အငမ်းမရ စားကြသည်။ တခြားစားပွဲဝိုင်းက ချစ်သူစုံတွဲတွေကတော့ ပွတ်သီးပွတ်သပ် အီစီကလီဖြင့် တစ်ယောက်ပါးစပ်ထဲ တစ်ယောက်ခွံ့ကျွေးကာ ချစ်ကြည်နူးနေကြသည်။

''ငါတို့တော့ လူဖြစ်ရှုံးပါတယ်ကွာ၊ သူများသားသမီးတွေများ ကောင်းစားနေလိုက်ကြတာ''

''မင်းကို ဘယ်သူက ရည်းစားမထားနဲ့ပြောလို့လဲ ဇော်မိုး''

''ဟ ထိပ်တင်ကိုကို အဲ ကိုကိုရာ၊ မင်းက ငါတို့သူငယ်ချင်းလေ၊

မင်းအဘွား မင်းအမေ၊ မင်းအဒေါ်က မင်းကိုတက္ကသိုလ်တစ်လျှောက်လုံး ကျောင်းမပြီးမချင်း၊ ပြီးရင်လည်း အသက်နှစ်ဆယ့်ငါးနှစ်မပြည့်မချင်း ချစ်သူ ရည်းစားမထားရ၊ မိန်းမမယူရ အမိန့်ထုတ်ထားတော့ မင်းထားရဲလို့လား၊ မိန်းကလေးမြင်ရင် ကြိုက်မိသွားမှာစိုးလို့ စေ့စေ့တောင် ကြည့်ရဲတာမဟုတ် ဘူး''

''အဲဒီ တော့ ဘာဖြစ်လဲ''

''မင်းမှမထားတာ၊ ငါတို့လည်း ဘယ်ထားဖြစ်ပါတော့မလဲ၊ ငါတို့ ချစ်သူရည်းစားထားလိုက်ရင် မင်း ငေါင်သွားမှာစိုးလို့ပေါ့''

''အပိုတွေမပြောစမ်းပါနဲ့ ဇော်မိုးရာ၊ မင်းကချိန်လိုက် လင်နောက်

လိုက်မဖြစ်ရုံတမယ်ပါပဲ၊ မင်းကြိုက်လိုက်တဲ့ကောင်မလေးတွေက ရည်းစား ရှိပြီးသားနဲ့၊ စေ့စပ်ပြီးသား၊ ကျောင်းပြီးရင် လက်ထပ်ရမယ့်သူနဲ့၊ ပြီးတော့ မင်းကို ယောကျ်ားစစ်စစ်မဟုတ်လောက်ဘူး၊ အပုန်းကြီးဖြစ်လိမ့်မယ်ဆိုပြီး ရှောင်သွားကြတာနဲ့ အဲဒါနဲ့ပဲ မင်း တစ်ခုလပ်ကြီးဖြစ်နေတာမဟုတ်လား'' သူ ပြောလိုက်တော့ ဇော်မိုးလည်နင်သွားကာ ရင်ဘတ်ကိုထု၍ ရေသောက်ပြီးမှ

''အဲဒါက မင်းတို့တွေက နွဲ့ပြီးပြောတော့ ငါလည်း လိုက်ပြောတာ ပေါ့ကွ၊ အဲဒါကို ကောင်မလေးတွေမြင်သွားတာ ဖြစ်မှာပေါ့''

''ငါတို့က စတာနောက်တာပါကွာ၊ မင်းကတော့ အမြဲတမ်းနီးပါး လောက် နွဲ့နေတာ၊ ကောင်မလေးတွေက အခြောက်ကြီးလို့ထင်မယ်ဆို လည်း ထင်ချင်စရာပါပဲ''

''သူများကို အဲဒီ လိုမပြောနဲ့နော် ဟွန့်၊ သူများစိတ်ဆိုးလိုက်မှာ''

''ဟား ဟား ဟား''

ယောကျ်ားအဝတ်အစားတွေ ဝတ်ထားပေမယ့် ဇော်မိုးနွဲ့တာက တကယ်ကို အခြောက်နှင့်တူပါသည်။ သဘောကျစွာ ရယ်လိုက်ကြရင်း လက်ကျန်အစားအသောက်များကို ဖြတ်လိုက်ကြသည်။ ဇော်မိုးနှင့်အောင် သက်က တက္ကသိုလ်ရောက်မှဆုံပြီး သူငယ်ချင်းဖြစ်ကြပေမယ့် ငယ်ပေါင်းတွေ လို ပြောမနာဆိုမနာ ခင်မင်သံယောဇဉ်ရှိကြသည်။ ဇော်မိုးက သူ့လိုပင် ရန်ကုန်မှာမွေး ရန်ကုန်မှာကြီးမြို့သားဆိုသော်လည်း အောင်သက်ကတော့ မြေလတ်ပိုင်းအတွင်း တောရွာလေးက ဖြစ်သည်။ မြို့တက္ကသိုလ်ကို တက် ချင်လွန်းတာကြောင့် မိဘတွေက အောင်သက်ဆန္ဒအတိုင်း မြို့ကိုလွှတ် လိုက်ခြင်းဖြစ်၏ ။

အဆောင်နေကျောင်းသား အောင်သက်ကို သူရော ဇော်မိုးရော အထောက်အပံ့ပြုရ၏ ။ အောင်သက်မိဘများကတော့ တောသူဌေးတွေ မဟုတ်သော်လည်း လယ်ပိုင်ယာပိုင်ရှိတာမို့ အတော်အသင့် အဆင်ပြေကြ

သူများပင်။ ဒါပေမဲ့ ငွေကိုတော့ တိုင်းထွာ၍ ပို့သည်။ စပါးမကောင်းလို့ ပဲ မကောင်းလို့ ငွေကိုချွေတာသုံးဆိုတာမျိုးလည်း မှာတတ်၏ ။ ရန်ကုန်မှာ အနေအစား အစစအရာရာ ဈေးကြီးတာမို့ မလောက်မငဖြစ်နေသော အောင် သက်ကို သူနှင့်ဇော်မိုး ထောက်ပံ့ပေးကမ်းနေရခြင်းပင်။ အောင်သက်ကလည်း စီးစီးပိုးပိုး စားတတ်သောက်တတ်သူမဟုတ်ပါ။ မိဘတွေက ငွေလွှဲလိုက်ပြီ ဆိုလျှင် ပြန်ပြီးကျွေးမွေးပြုစုတတ်သည်။ ဒါပေမဲ့လည်း ဘယ်လောက်ပဲ သံယောဇဉ်တွေရှိရှိ ဒီနောက်ဆုံးနှစ် စာမေးပွဲကြီးပြီးလျှင်တော့ သူငယ်ချင်း တွေ ခွဲခွာရပေတော့မည်။

''မင်း ကျောင်းပြီးရင် ဘာလုပ်မှာလဲ ဇော်မိုး၊ ဘွဲ့ရအလုပ်လက်မဲ့ တော့ မဖြစ်စေနဲ့''

''ဖြစ်စရာလားကွာ၊ ငါ့အဖေက အစိုးရဝန်ထမ်းလေ၊ သူ့ရုံးမှာပဲ အလုပ်သွင်းပေးမှာလို့ ပြောထားပြီးသား၊ ဒါပေမဲ့ ငါက ခြောက်လ တစ်နှစ် လောက်တော့ အနားယူဦးမယ်၊ အလုပ်မလုပ်သေးဘူးလို့ ပြောထားတယ်''

''ဘာဖြစ်လို့လဲ''

''ခေါင်းထဲမှာ စာတွေနဲ့ပြည့်နေတာလေကွာ၊ သူများတွေလို ရည်းစားထား ကျောင်းလစ်အပျော်ရှာပြီးနေဖြစ်တာလည်းမဟုတ်ဘူး၊ လုပ်ငန်းခွင် တန်းခနဲ ဝင်ရမယ်ဆိုရင် ဦးနှောက်ဂျန့်ဖြစ်သွားမှာပေ့ါ''

''မင်းပြောတာ ဟုတ်တယ်၊ ငါလည်း တစ်လ၊ နှစ်လလောက် ခရီးထွက်ပြီး ဦးနှောက်ကို အနားပေးလိုက်ချင်တယ်၊ အိမ်မှာက မလွတ်လပ် ဘူးမဟုတ်လား၊ အဘွားကတစ်မျိုး မာမီကတစ်မျိုး အန်တီလေးကတစ်မျိုး နဲ့ ပွစိလန်နေတာပဲ၊ နေ့စဉ် ငါ့ကိုရည်းစားမထားဖို့ မိန်းမမယူဖို့ အသက်နှစ် ဆယ့်ငါးနှစ်ပြည့်မှ သူတို့သဘောတူပေးစားတဲ့ မိန်းမကိုယူဖို့၊ ဒါပဲ ပွက်လောရိုက်နေတာ''

''ဒါဆို ငါတို့ရွာကို အလည်လိုက်ခဲ့ပါလားကွ၊ မင်းရဲ့ထိပ်တင်မျိုး တွေ

ခွင့်ပြုရင်ပေါ့''

''အေး ကောင်းသား၊ တောရွာဆိုတော့ မျက်စိလည်းအေး နား လည်းအေး၊ ဦးနှောက်အနားပေးလို့ကောင်းတယ်''

''ကောင်းတယ်ပဲထား၊ မင်းအိမ်က ခွင့်ပြုမှာမို့လား ကိုကို''

''ခွင့်မပြုရင် ခွင့်ပြုအောင်ပြောရမှာပေါ့ကွာ၊ ဒီအချိန်ထိ သူတို့ သဘောကျ သူတို့စိတ်တိုင်းကျပဲနေလာခဲ့တာ၊ ရည်းစားမထားနဲ့ဆို မထား ဘူး၊ မိန်းမမယူနဲ့ဆို မယူဘူး၊ မိန်းကလေးကိစ္စ အရှုပ်အရှင်း ဘာမှမရှိဘူး၊ ဒီလိုနေခဲ့တာကို ငါ့ဘက်က ဒီတောင်းဆိုမှုလေးကို လိုက်လျောမပေးနိုင်ရင် ငါလည်း ပြန်ပြီးအကျပ်ကိုင်ရုံပဲရှိတယ်''

''ပိုင်ရင်လုပ်လေ''

''ဇော်မိုး မင်းရောလိုက်ခဲ့လေ၊ ဟိတ်ကောင် ငါတို့သူငယ်ချင်းတွေ နောက်လည်း ဆုံဖြစ်ချင်မှ ဆုံဖြစ်တော့မှ၊ မခွဲခင် ပျော်ပျော်ပါးပါးလေးပေါ့ ကွာ''

ဇော်မိုး ခဏငြိမ်သက်သွားသည်။ ပြီးမှ လက်ဝါးချင်း ဖြောင်းခနဲ ရိုက်၍

''ကိုကို မင်းသာလိုက်ဖြစ်ပစေကွာ၊ ငါလည်း လိုက်ဖြစ်အောင် လိုက်မယ်ကွာ၊ မြို့မှာနေရတဲ့မွန်းကျပ်မှုတွေကို တောရွာရဲ့လွတ်လပ်မှုနဲ့ ဖြေရမယ်ကွ၊ ငါတို့မှာ ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်းပဲအချိန်တွေကုန်နေ ခဲ့တာ၊ တောဘီယာလေးလည်း သောက်ရတာ ပေါ့''

''ဘာလဲ တောဘီယာ''

''ထန်းရည်လေကွာ၊ မြို့ကစည်ဘီယာ မြန်မာဘီယာ တိုက်ဂါး ဘီယာတွေထက်တောင် ကောင်းသေးတယ်၊ ပင်ကျရည်အမြုပ်တစီစီနဲ့ မင်း အမေထက်ကောင်းဆိုတဲ့ စာချိုးတောင်ရှိသေးတယ်''

''ကြားဖူးပါဘူး၊ မင်းစာချိုး၊ ကဲပါ ဒါကနောက်ကိစ္စ၊ ငါက အခု အဘွား

မာမီနဲ့အန်တီလေးတို့ကို ဘယ်လိုအကျပ်ကိုင်ရမလဲ၊ မင်းလည်း မင်းမိဘတွေကို ဘယ်လိုပြောမလဲ၊ အဲဒါ စဉ်းစားရမယ်''

''အာကွာ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနဲ့၊ မလွှတ်ရင် နောက်ရက်ကျန်တဲ့ စာမေးပွဲကိုမဖြေတော့ဘူး ပြောလိုက်ပေါ့ကွ၊ စာမေးပွဲဖြေဖို့ နောက်တစ်နှစ်ကျောင်းတက်ရမယ်ဆိုရင် ရည်းစားထားချင်လည်း ထားမယ်၊ မိန်းမယူချင်လည်း ယူမယ်လို့ ခြိမ်းခြောက်လိုက်ပေါ့၊ မင်းကလည်း ဒါလေး များ''

''အေး မင်းအကြံမဆိုးဘူး၊ တခြားနည်းလမ်းသုံးရင် ရချင်မှရမှာ၊ ဒါဆို အောင်သက် မင်းရွာကရောင ါတို့လိုက်လို့ အဆင်ပြေပါ့မလား၊ စား ဖို့သောက်ဖို့က ဝယ်စားလည်းရတယ်၊ နေဖို့တည်းဖို့သာ အရေးကြီးတာ'' အောင်သက်က အကျႌလက်မောင်းစကိုမ,ကာ လက်ခမောင်းခတ် ပြပြီး

''ဒီမှာ ဟိတ်ကောင်တွေ ငါ့အိမ်ကို ငါပိုင်တယ်ကွ၊ ငါ့မိဘတွေကို ငါ့ကို အရမ်းချစ်တာ၊ မြို့တက္ကသိုလ်ကိုတက်ချင်တာကို လွှတ်လိုက်တာပဲ ကြည့်ပါလား၊ ပိုလို့လျှံလို့တော့မဟုတ်ဘူးနော်၊ ဒါပေမဲ့ ချို့တဲ့တာလည်း မဟုတ်ဘူး၊ ငရုတ်သီးဆိုလည်း တစ်နှစ်စာမက လှောင်ထားတာ၊ မြို့မှာလို တစ်ရာဖိုး ငါးဆယ်ဖိုးဝယ်စားရတာ မဟုတ်ဘူး၊ အသားစားချင်ရင် အမဲဝက် တစ်ပတ်တစ်ခါ ပေါ်တာဝယ်ထားတယ်၊ ကြက်သားကတော့ အချိန်မရွေး စားလို့ရအောင် ခြံနဲ့မွေးထားတာ၊ ဘဲဆိုတာလည်း အုပ်လိုက်ပဲ၊ နွားကျောင်း ရင်းနဲ့ ဘဲပါကျောင်းရတာ ''

''အေးပါကွာ မင်းပြောပြတာ တော်တော်အဆင်ပြေနေပါပြီ''

''ရှိသေးတယ်''

''ဘာလဲ''

''ငါးစားချင်ရင် ချောင်းထဲမှာ သွားမျှားလို့ရတယ်၊ ငါရွာရောက်ရင် ချောင်းစပ်ကို ထန်းရည်အိုးလေးယူသွား၊ ငါးရရင် မီးမွှေးပြီးကင်၊ ပြီးရင်

ထန်းရည်သောက်လိုက် ငါးကင်မြည်းလိုက် ဇိမ်ကိုကျလို့''

''မင်းကကွာ သွားရည်တောင်ကျလာပြီ၊ ငါတို့ ဟိုမှာ အဲဒီ လိုကဲမယ်နော်၊ မင်းတာဝန်ယူ''

''မင်းတို့သာ လိုက်ဖြစ်အောင်ကြိုးစားကြပါကွာ၊ ကျန်တာ ငါ့တာဝန်ထား၊ မင်းတို့မြို့သားတွေ အလည်လိုက်လာရင် ငါ့မိဘတွေလည်း ပျော်သွားကြမှာပါ၊ ငါတို့တောသားတွေက မင်းတို့မြို့သားတွေလိုမဟုတ်ဘူး၊ တာဝန်မကျေမှာမပူနဲ့၊ မင်းတို့မြို့ကိုတောင် မပြန်ချင်ဖြစ်သွားဦးမယ်''

''အဲဒီ လိုတော့ မဖြစ်သေးဘူး၊ ခဏသွားဖို့တောင် မနည်းအတိုက်အခံလုပ်ပြောရဦးမှာ၊ အဘွားတို့သားအမိ သုံးယောက်အကြောင်း ငါသိတယ်၊ ငါ့ကိုသည်းသည်းလှုပ်ချစ်လွန်းလို့ တင်းတင်းကျပ်ကျပ် အုပ်ချုပ်နေကြတာလားမသိဘူး၊ အသက်ကြီးလာတော့ ဇီဇာကြောင်တာလည်း ပါလိမ့်မယ်၊ တစ်ခါတလဆိုရင် ငါ ထွက်တောင်ပြေးချင်တာ''

ဒါကတော့ ထိပ်တင်ကိုကိုဆီက ကြားဖူးနေကျစကားမို့ အသစ်အဆန်းမဟုတ်တော့ပေ။ ကျောင်းမှာ သူငယ်ချင်းတွေနှင့် ပျော်အောင်မနေတတ်လျှင် စိတ်ညစ်ပြီး သေသွားနိုင်သည်လို့တောင် ညည်းညူဖူးသည့် ကောင်ပါ။ ဒီကောင့်နောက်ကြောင်းက ဘာလဲဆိုတာတော့။

*

## အခန်း(၂)

''ဘာပြောတယ် မြေး၊ ဘယ်ကိုသွားချင်တယ်''

''ပေတောရွာပါ အဘွား၊ ကျောင်းပြီးရင် အဲဒီ ရွာက သူငယ်ချင်း နဲ့ လိုက်သွားမလို့ပါ''

''ဘယ်ဖြစ်မလဲ သားရဲ့''

''အို မသွားရပါဘူး တူလေးရယ်''

အဘွားကိုပြောပြနေဆဲ မာမီနှင့်အန်တီလေးက ဧည့်ခန်းထဲဝင်လာ ကာ ပြိုင်တူပြောကြသည်။ သူတစ်ယောက်ချင်း ညှိကြည့်ဖို့ စဉ်းစားထားတာ ပါ။ အဘွားကိုသာ ပြောရလျှင် ကျန်သည့်သူတွေ ခွင့်မပြုလို့မရပါ။

''သားနှယ်ကွယ် တောရွာကိုများ သွားလည်ရမယ်လို့ မာမီတို့က ဘန်ကောက်ကိုဈေးဝယ်ထွက်ရင်း လိုက်ပို့ဖို့ စဉ်းစားထားတာ''

''အဲဒီ လိုနေရာတွေ မသွားချင်ပါဘူး မာမီရာ၊ ကိုယ်မြို့နဲ့ဘာထူး ခြားတာရှိလို့လဲ၊ ဟိုဟိုဒီဒီလည်ပတ်လိုက်၊ ဟိုတယ်မှာတည်းလိုက် ဒါပဲ''

''တူလေးက အဲဒီ လိုမနေချင်လို့ ဘယ်လိုနေချင်လို့လဲ''

''တောရွာခလေ့လေးကို လေ့လာလို့ရတာ ပေါ့၊ သန့်ရှင်းလတ် ဆတ်တဲ့လေကို တစ်ဝကြီးရှုလို့ရတယ်''

''အမယ်လေး တူလေးရယ်၊ လေရှူချင်တာများ ဒီမှာအဲကွန်းတွေ ရော ပန်းကန်တွေရော ရှိနေတာကိုကွယ်၊ ကန်တော်ကြီးသွား လေတိုက်ခံ မလား၊

မိုင်တိုင်ဘက်မှာ ဝယ်ထားတဲ့ခြံကွက်မှာ ဆောက်ထားတဲ့အိမ်မှာဆို လည်း လေကိုတဟူးဟူး''

''တော်ပါ အန်တီလေးရာ၊ သားက အဲဒီ နေရာတွေ မသွားချင် ဖိမ်မခံချင်လို့ တောရွာကိုရွေးတာပေ့ါ၊ သား သွားမယ်လို့ဆုံးဖြတ်ထားတယ် နော်''

''အံ့မယ် ကြည့်စမ်းပါဦး မေမေ မြေးကို၊ အဘွားတွေ အမေတွေ အဒေါ်တွေကို အမိန့်ပေးနေသလိုပဲ''

''ဟုတ်သားပဲ မြေး၊ ဘာလို့တောရွာကို ဒီလောက်တောင် သွား ချင်နေရတာ လဲ၊ ကောင်းတဲ့နေရာတွေ မိသားစုလိုက်သွားရအောင်ဆိုတာ လည်း မဟုတ်ဘူး''

''သူငယ်ချင်းတွေနဲ့ သား လွတ်လွတ်လပ်လပ် သွားချင်လို့ပါ အဘွားရယ်၊ အဘွားတို့ မာမီတို့ အန်တီလေးတို့ဆန္ဒကို စကားကိုသာ ဒီအချိန်ထိ ဘာအများအယွင်း အစွန်းအထင်းမှမရှိအောင် နားထောင်ခဲ့ပြီးပါ ပြီ၊ လိုက်နာခဲ့ပြီးပါပြီ၊ ဒီတစ်ခါပဲ တောင်းဆိုတဲ့သားဆန္ဒကို လိုက်လျောပေး ကြပါ''

''ခွင့်မပြုဘူးဆိုရင်ရော''

''သား စာမေးပွဲ ဆက်မဖြေတော့ဘူး''

''ဘာ''

''ဘာကွဲ့''

''တူလေး''

သုံးယောက်လုံး အာမေဋိတ်သံအမျိုးမျိုးဖြင့် သူ့ကို မျက်စောင်း ဝေ့ကြသည်။ သူလည်း တင်းတင်းမာမာဖြင့် ဒီလိုမခြိမ်းခြောက်လို့ မဖြစ် တော့ပါ။ အဘွားကမျက်မှန်ကို ပင့်တင်လျက်

''စာမေးပွဲမဖြေတော့ဘူးဆိုတော့ မြေးက ဘာသဘောနဲ့''

''စာမေးပွဲဆက်မဖြေရင် စာမေးပွဲကျမယ်၊ ကျရင် နောက်တစ်နှစ် ကျောင်းဆက်တက်ရမယ်၊ တက်ရရင် အဘွားတို့စကားကို သားနားမထောင် တော့ဘူး၊ ရည်းစားထားမယ်၊ မိန်းမယူချင်လည်း ယူမယ်၊ သားပျော်သလို နေလိုက်တော့မယ်''

''ထိပ်တင်ကိုကို မင်းဘယ်လိုစကားမျိုး ပြောလိုက်တာလဲ၊ မင်းကို ငါတို့ ဘယ်လိုမွေးမြူခဲ့ရသလဲ၊ အရွယ်ရောက်လို့ အရွဲ့တိုက်ပြီး စေတနာ မေတ္တာတွေကို စော်ကားဖို့စဉ်းစားနေတာပေ့ါလေ ဟုတ်လား'' မာမီက စကားလုံးအကြီးကြီးတွေ စသုံးလာတော့ အန်တီလေး ကပါ မျက်နှာကို ရှုံ့ရှုံ့မဲ့မဲ့ဖြင့်

''သားတူလေး ဒီမှာကြည့်စမ်း အန်တီလေးအသက်အရွယ်ကို''

''လေးဆယ်ကျော်ပြီလေ ဘာဖြစ်လို့လဲ''

''အေး လေးဆယ်ကျော်ပြီ၊ အမ် အေးဟုတ်တယ်၊ လေးဆယ် ကျော်အရွယ်ထိ အန်တီလေးယောကျ်ားမယူတာ ဘာကြောင့်လို့ထင်လဲ''

''မရလို့ပေ့ါ''

''ဘာ ဘာမရလို့ရမှာလဲ၊ မယူတာ မင်းကြောင့်မယူတာ၊ ငါ့မှာ ငါ့ကိုကြိုက်တဲ့သူရော ငါကကြိုက်တဲ့သူရော အပြန်အလှန်ချစ်ကြိုက်ကြတဲ့ သူတွေရောရှိခဲ့ပါတယ်၊ ဒါပေမဲ့ ဖခင်မဲ့သွားရှာတဲ့တူလေးကို ပြုစုစောင့်ရှောက် မယ်ဟဲ့ဆို မေတ္တာစိတ်တွေနဲ့ ကိုယ့်ရဲ့ချစ်ရေးချစ်ရာတွေကို နောက်ဆုတ်ထား ခဲ့တယ်''

''ဒရမ်မာတွေ ချိုးနေပြန်ပြီ''

''ဘာ''

ငိုမဲ့မဲ့အိုက်တင်တွေနှင့် အိုဗာဖြစ်လွန်းနေတာမို့ သူ အမြင်ကတ် စွာ ပြောလိုက်တော့ အန်တီလေး ဒေါသဖြစ်သွားသည်။ ခပ်တည်တည်မျက် နှာပေးနှင့်

သူ့ကိုနှုတ်ခမ်းရွဲ့ မျက်စောင်းဝေ့ကြည့်လျက်

''မင်းက ငါ့ကို အဲဒီ လိုပြောတယ်ပေါ့လေ၊ ဟုတ်ပါတယ် ငါ့ဘဝက ပျော်စရာအချိန်တွေမှာ ကံကြမ္မာအလှည့်အပြောင်းမကောင်းလို့ ဒရမ်မာချိုး ခဲ့ပါတယ်၊ အဲဒါ မင်းကြောင့် မင်းကြောင့်တူလေး''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမလဲ ခုန ငါပြောသလိုပေါ့၊ အချစ်တွေနဲ့ ဝေးခဲ့ရတာ ဟာ မင်းမွေးပြီး ငါးနှစ်အကြာမှာ ကားအက်ဆီးဒင့်ကြောင့် မင်းအဖေဆုံး သွားခဲ့လို့ပေါ့၊ အဲဒီ အချိန်မှာ မင်းမာမီအသက်လေးက နှစ်ဆယ့်ငါးနှစ်ပဲ ရှိ သေးတယ်၊ နောက်အိမ်ထောင်ပြုလို့ကောင်းတဲ့အရွယ်ပါ၊ ဒါတောင် မင်းကို ချစ်တဲ့စိတ်နဲ့ ပထွေးနှိပ်စက်တာခံရမှာစိုးတဲ့မေတ္တာစိတ်တွေနဲ့ သူ အိမ်ထောင် မပြုခဲ့ရှာဘူး''

''ဒရမ်မာ''

''နေဦး ငါ့အတွက်လည်း ပြောစရာကျန်သေးတယ်၊ အဲဒီ အချိန်က ငါလည်း အသက်နှစ်ဆယ်ကျော်လေးနဲ့ ဖလန်းဖလန်းဖြစ်နေတဲ့အချိန်ပေါ့၊ ဒါပေမဲ့လည်း''

''ဖခင်မဲ့သွားရှာတဲ့ ငါ့ရဲ့တူလေးကို ပြုစုစောင့်ရှောက်မယ်ဟဲ့ဆို တဲ့မေတ္တာစိတ်တွေနဲ့ အန်တီလေးရဲ့ချစ်ရေးချစ်ရာကိစ္စတွေကို နောက်ဆုတ် ထားခဲ့တယ်၊ ဟုတ်တယ်မဟုတ်လား''

''ဟုတ်တယ် အဲဒါအမှန်ပဲ''

''ဒါပဲထပ်ပြီး စီဒီထစ်နေတယ်၊ အရက်သောက်ရင်လည်း ရစ်တယ် လို့ပြောရမှာ''

''မင်း ငါ့ကိုနောက်နေတာလား''

''မနောက်ပါဘူး သားက အမှန်အတိုင်းပြောတာ''

''ကဲ တော်ကြတော့''

မာမီက စိတ်မရှည်သလို အသံကျယ်ကျယ်နှင့်အော်လိုက်၍ သူ နှင့်အန်တီလေး ဇက်ကလေးတွေ အသံတိတ်သွားကြသည်။ မာမီက မျက်နှာ ထားတင်းတင်းနှင့်ပင်

''သား အန်တီလေးကို လှောင်သလိုပြောင်သလိုတွေ မလုပ်နဲ့ သား၊ သားအန်တီလေးက ပြောတာအမှန်တွေချည်းပဲ၊ သားအဖေဆုံးတော့ မာမီ့အသက် နှစ်ဆယ့်ငါးနှစ်ဆိုတာ အိမ်ထောင်ပြုဖို့အရွယ်ကောင်းပဲရှိသေး တယ်၊ စောင့်ရှောက်ပါရစေလို့ ခယတဲ့သူတွေမှ တစ်ပုံကြီး၊ ဒါပေမဲ့ သားလေး ပထွေးနဲ့နေရရင် မျက်နှာငယ်ရမလားဆိုတဲ့မေတ္တာစိတ်နဲ့တွေးပြီး မာမီ နောက် အိမ်ထောင်ပြုဖို့ လုံးဝစိတ်မကူးခဲ့ဘူး''

''ဟုတ်တယ် မြေး၊ သား မာမီပြောတာရော အန်တီလေးပြော တာရော အမှန်တွေချည်းပဲ၊ မိန်းမသားချည်းရှိတဲ့မိသားစုမှာ မြေးလေးကို ပြုစုစောင့်ရှောက်ဖို့အတွက် ယောကျ်ားသားအားကိုးအားထားမရှာခဲ့တာ စီးပွား ရေးပါထိခိုက်ခဲ့ရတယ်၊ သားအဖေရှိတုန်းက ဆန်ပွဲရုံကို သူပဲဦးစီးဦးဆောင် လုပ်ခဲ့တာလေ၊ အဲဒီ နောက်မှာ ဘယ်သူမှ အိမ်ထောင်မပြုကြတော့ စီးပွား ရေးဘက်မှာ လစ်ဟင်းနစ်နာမှုတွေရှိခဲ့တာပေါ့၊ ယောကျ်ားသားဦးဆောင်တဲ့ ပွဲရုံတွေက ရှေ့မှာအောင်မြင်နေပြီး အဘွားတို့က နောက်ကျကျန်ခဲ့ရတယ်၊ ဒါပေမဲ့ မျိုးရိုးစဉ်ဆက် ချမ်းသာလာတဲ့အဘွားတို့မှာ ကုန်းကောက်စရာမရှိ အောင် ချို့တဲ့သွားစရာအကြောင်းမရှိပါဘူး၊ ဒီလိုပဲ ဖြည်းဖြည်းလည်ပတ်ရင်း နဲ့ မြေးလေး ကျောင်းပြီးရင်လုပ်ငန်းတွေ ပြန်လည်ပတ်အောင် ကြိုးစားခိုင်း မယ်လို့ စဉ်းစားထားကြတာ''

''သားကလည်း မလုပ်ဘူးလို့မပြောပါဘူးအဘွား၊ ဒါပေမဲ့ စာမေးပွဲ ဖြေပြီး ဦးနှောက်ရော စိတ်ရောအနားပေးချင်သေးတယ် ဒါကြောင့်ပါ''

''ဒါများ မြေးရယ် ဒီမှာပဲ''

''တော်ပါတော့ အဘွားရယ်၊ သားက အများကြီးမဖြစ်နိုင်တာကို တောင်းဆိုနေတာမဟုတ်ပါဘူး၊ တခြားနိုင်ငံတွေအလည်အပတ်သွားတာ ငွေကုန်ကြေးကျတောင်များသေးတယ်၊ တောရွာလေးကိုသွားတာ ဘာတွေ များ အပြစ်ဖြစ်သွားမှာမို့လဲ'' ''မြေးတစ်ယောက်တည်း လွှတ်လိုက်ရမှာစိတ်မချလို့ပေ့ါကွယ်၊ တော်ကြာမဟုတ်တမ်းတရား မတော်တရော်တွေဖြစ်မှာစိုးလို့ပေ့ါ''

''ဘာဖြစ်စရာလိုလဲ အဘွား၊ အဘွားတို့မျက်ကွယ်ရာဖြစ်တဲ့ ကျောင်းမှာဆို သားအမှားလုပ်မယ်ဆိုရင် အများကြီးလုပ်လို့ရပါတယ်၊ သား အမှားမရှိအောင်နေခဲ့တယ်ဆိုတာ အဘွားတို့မာမီတို့မေတ္တာကိုနားလည်လို့ ပေ့ါ၊ အခု အဘွားတို့ကမှ သားဆန္ဒကို မလိုက်လျောရင် သားလည်း လုပ်ချင်ရာလုပ်တော့မှာပဲ''

''ဟင်း''

သူ ခပ်တင်းတင်းပြောလိုက်တာကြောင့် သားအမိသုံးယောက် မျက်လုံးချင်းဆုံလျက် ခဏမျှ တိတ်ဆိတ်သွားကြသည်။ ပြီးမှ မျက်လုံးချင်း ဆုံကာ တိုင်ပင်လိုက်သလိုနှင့်

''ကဲ သွားမှာဆို ဘယ်နေ့သွားမှာလဲ၊ ဘယ်သူနဲ့သွားမှာလဲ ဘယ် လောက်ကြာမှာလဲ''

''ဒီက သူငယ်ချင်းတစ်ယောက်ပါမယ်၊ စာမေးပွဲပြီးတာနဲ့ ဟိုက သူငယ်ချင်းနဲ့လိုက်သွားမှာ၊ မပျော်တစ်လ ပျော်သုံးလ''

''ဘာ အဲဒါတော့ မဖြစ်ဘူး၊ ပျော်ပျော်မပျော်ပျော် တစ်လက အလွန်ဆုံးပဲ၊ အဲဒါမှမဟုတ်ရင် မသွားနဲ့တော့''

ဒီတစ်ခါတော့ သူ ငြိမ်သွားရသည်။ တစ်လဆိုလည်း တစ်လပေ့ါ။

တစ်လထက်ပိုနေလည်း အဘွားတို့လိုက်လာပြီး ခေါ်လို့မှမရတာ ။ ဒီလောက်လေး ခွင့်ပြုလိုက်တာပဲ သူ့အတွက် အခွင့်အရေးကောင်းပင်။

''ဟုတ်ပါပြီ အဘွားတို့ပြောသလို တစ်လဆိုလည်း တစ်လပေါ့၊ သားက ဘာထပ်တောင်းဆိုလို့ရမှာလဲ''

''အေး အဲဒါကို မြေးသိရင် ပြီးတာပဲ၊ အခွင့်အရေးဆိုတာ ရတိုင်း မကောင်းဘူး၊ တစ်ခုထပ်ပြောမယ်၊ မိန်းကလေးကိစ္စ ရှုပ်ရှုပ်ယှက်ယှက်လုပ် မလာနဲ့နော်''

''အဘွားရယ် တောမှာဘာရှုပ်စရာရှိမှာလဲ၊ မြို့က အချောအလှ တွေကိုတောင် အဘွားတို့ဆန္ဒကိုလွန်ဆန်မိမှာစိုးလို့ စိတ်မဝင်စားခဲ့ဘဲနဲ့ တောသူတွေကို ဘာလုပ်ရမှာလဲ''

''ဟုတ်တယ် မေမေ၊ ပုံမလာပန်းမလာ တောသူတွေကိုတော့ တူလေးက စိတ်ကူးထဲတောင်ထည့်မှာမဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား တူလေး''

''အင်း ဟုတ်တယ် အန်တီလေး''

စိတ်ကြိုက် အလိုက်အထိုက် လိုက်ပြောပေးမှ အားလုံးစိတ်ကျေနပ် သွားကြသည်။ သူ့ကိုစိတ်မချနိုင်အောင် ချစ်ကြသည်ဆိုတာ နားလည်ပါ သည်။ ဒါပေမဲ့ ဖိအားတွေနှင့် မွန်းကြပ်အောင်လုပ်တာတော့ သူ မခံစား နိုင်ပေ။

လူငယ်ဆိုတာ စိတ်ထွက်ပေါက်နှင့်လွတ်လပ်မှုဆိုတာ ရှိဦးမှမဟုတ် လား။ ဘာပဲဖြစ်ဖြစ် ဒီတစ်ကြိမ် ထွက်ပေါက်ရလိုက်တာတော့ သူ ပျော် သည်။

ဇော်မိုးနှင့်အောင်သက်လည်း ဒီအကြောင်းသိလျှင် ပျော်ကြမှာပါ။ အတွေးနှင့် သူ့မျက်နှာက ပြုံးဖြီးလျက်။

*

# အခန်း(၃)

''ဟာ တကယ်လား ဟိတ်ကောင်''

''တကယ်ပေါ့ကွာ၊ နည်းနည်းလေးကွိုင်လိုက်တာနဲ့ သိပ်အစား မခံတော့ဘဲ ပေးလွှတ်တာ''

''ဟုတ်လှချည်လား၊ မင်း ဒီလောက်လွယ်လွယ်နဲ့ အခွင့်အရေး ရလာမယ်မထင်ဘူး၊ မင်းဘွားတော်တွေက အရမ်းကျပ်တာမဟုတ်လား''

''ကျပ်တာတော့မပြောနဲ့၊ အခြေအတင်အတိုက်အခံကို ပြောရ တယ်၊ ဒါပေမဲ့ ထိပ်တင်ကြီးမျိုးရိုးက ဆင်းသက်လာတဲ့ ထိပ်တင်ကိုကိုပဲ ကွာ၊ ဒီလောက်ကတော့ ပျင်းသေးတယ်''

''အဟား လေတစ်လုံးမိုးတစ်လုံးနဲ့ အပြောကတော့ သွားပါကွာ တက္ကသိုလ်တက်တာရည်းစားတောင်မထားရဲတဲ့ကောင်က''

''ဒါကတော့ကွာ ငါ့အတွက်နဲ့ သူတို့စိတ်ဆင်းရဲမှာစိုးလို့ပေါ့၊ ဒါ ကလည်း ချစ်ရမယ့်သူမတွေ့သေးလို့လည်း ဖြစ်မှာပါ၊ တွေ့ရင်တော့လည်း ဘာမှတွေးနေမှာမဟုတ်ဘူး''

''ထိပ်တင်ကိုကိုတို့ကတော့ အပြောကတော့ ကြီးပ့ါကွာ၊ အချစ်နဲ့တွေ့ခါမှ ဘယ်လိုနေမလဲ ကြည့်ရသေးတာပေါ့ ဟား ဟား'' အားလုံး စိတ်ပေါ့ပါးစွာ ရယ်ဖြစ်ကြသည်။ စာမေးပွဲလည်း ဖြေ နိုင်တာကြောင့် ပျော်နေကြခြင်းပင်။

''ဟိတ်ကောင် ဇော်မိုး မင်းအိမ်ကရော ဘယ်လိုလဲ၊ လိုက်ဖြစ် မှာလား''

''ငါ့အိမ်က သိပ်မခက်ခဲပါဘူး၊ ခွင့်ပြုပါတယ်၊ ပြန်လာရင် အလုပ်လုပ်ဖို့သာ စဉ်းစားထားတဲ့''

''ဒါဆို အိုကေပေ့ါကွ၊ ငါတို့အတူသွားပြီး တောမှာသွားကဲကြတာ ပေ့ါ၊ အောင်သက် အဆင်ပြေတယ်နော်''

''ပြေပါတယ်ကွာ၊ ရန်ကုန်မှာ ထမင်းတစ်နပ်စာ တစ်ပတ်စာ ခဲယဉ်းနေကြတာပါ၊ တောမှာတော့ မင်းတို့တစ်သက်လုံးထိုင်စားလည်း ကျွေးနိုင်တယ်၊ ငါ့ကောင်တွေ ငါ့မိဘတွေ စေတနာကလည်းအိုးကွဲပဲ''

''အေးပါကွာ ယုံပါတယ်၊ ဩော် ဒါနဲ့ တောမှာ အချောအလှလေးတွေရော ရှိရဲ့လား''

''ဘာလုပ်မလို့လဲ''

''အဘွားတို့လေ သိတယ်မဟုတ်လား၊ စိုးရိမ်နေကြလို့''

''မင်းစိတ်ဝင်စားလောက်အောင် ချောတဲ့လှတဲ့သူမရှိပါဘူးကွာ၊ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်တောင် ရွက်ကြမ်းရေကျိုရုပ်ပဲ ရှိပါတယ်၊ တောသူဆိုတာ သိပ်ကိုရိုးတယ်၊ ဘာဘာညာညာတွေလည်း နားမလည်။ မြို့ကြီးသူမယ်တို့လို မပြင်တတ်တယ်၊ မဆင်တတ်တယ်၊ ကြားဖူးတယ်မဟုတ်လား''

''မင်းကလည်း သီချင်းဆိုပြနေတယ်၊ ဒါပေမဲ့ သီချင်းကြီးမဟုတ် ရက်ပ်ပါသံပေါက်နေတယ်''

''ဟဲ ဟဲ အဲဒါတို့တောဓလေ့ကွ၊ တစ်ခါတလေဆို ရက်ပ်ပါတွေ လိုပဲ ပြောတတ်ကြတယ်၊ တစ်ခုခုကွာ မကျေနပ်စရာရှိတာတို့ လူကြီးတွေ က ဆူလိုက်ဆဲလိုက်လို့ ပြန်ပြောချင်ရင် ရက်ပ်ပါတွေလို စကားမြန်မြန်ပြော

လက်ဟန်ခြေဟန်နဲ့ပေါက်ကွဲ၊ အဲဒါအထာလေ၊ လူကြီးတွေလည်း မတတ်နိုင်တော့ဘူး''

''ဟုတ်လှချည်လား မြို့ရက်ပ်ပါတော့ ခံစားလို့မရလို့ နားမထောင်ဖူးဘူး၊ တောရက်ပ်ပါကျမှ ပြန်လေ့လာပြီး အတုခိုးရဦးမယ်''

''အဟင်း ရောက်ရင်တော့ မင်းတို့ပြန်ချင်မှာတောင် မဟုတ်ပါဘူး ကွာ၊ မြေဝိုင်းနတ်ကနားပွဲတွေ ဘာတွေလည်းရှိတယ်ကွ''

''ဘာလဲကွ မြေဝိုင်းနတ်ကနားပွဲဆိုတာ''

''သြော် ဒီလိုကွာ ရွာထိပ်က ညောင်ပင်ကြီးမှာ ရပ်ရွာအစောင့်အရှောက်တွေကို ပူဇော်ပသတဲ့သဘောပေါ့၊ နတ်ကတော်က ကိုကြီးကျော် တွေဘာတွေဝင်ပြီးကဲရင် နတ်မေးတဲ့သူက မေးတာပေါ့ကွာ၊ နတ်ရုပ်တွေနဲ့ကြက်ကြော်နဲ့ အရက်နဲ့ပျော်တော့ ပျော်စရာကြီးကွ''

''ဟုတ်လား အဲဒါဆို ကိုကြီးကျော်ဆီက အရက်တောင်းသောက်လို့ရတာ ပေါ့''

''ဒီအငတ်ကတစ်မျိုး၊ မင်းနတ်ကိုင်ခံရမယ်နော်''

''အဲဒါတော့ ကြောက်တယ်ကွ၊ လူတောင်အကိုင်မခံရသေးဘဲနဲ့နတ်တော့အကိုင်မခံနိုင်ဘူး''

''ဟိတ်ကောင် သူများရွာသွားရင် အပြောအဆိုတော့ ဆင်ခြင်နော်၊ ပါးစပ်မသရမ်းနဲ့''

သူက သတိပေးနေတော့ အောင်သက်က ရယ်သည်။

''မင်းတို့ကကွာ ငါတို့ရွာက ပျော်စရာပဲရှိတာပါ၊ ကြောက်စရာ မရှိပါဘူး၊ မင်းတို့ဟိုရောက်ရင် ပျော်သွားစေရမယ်ဆိုတာ ငါအာမခံတယ် တစ်ခုပဲ တို့ရွာမှာဓလေ့ထုံးစံတော့ရှိတယ်''

''ဘာလဲကွ''

''မိန်းကလေးတစ်ယောက်ကို တကယ်မချစ်ဘဲနဲ့ ငြိစွန်းအောင် မနေရဘူး၊ ငြိစွန်းပြီးရင်လည်း တာဝန်ယူရတယ်၊ တာဝန်မဲ့ရင်တော့ အလောင်း မပေါ်အောင် သတ်ပစ်လိုက်ကြတယ်''

''အောင်မယ်လေး ကြောက်စရာကြီးပါလား၊ မင်းပြောတော့ ကြောက်စရာမရှိဘူးဆို''

''အေးလေ ဘာကြောက်စရာရှိလို့လဲ၊ ကိုယ်ကမမှားအောင်နေရင် ပြီးတာပဲလေ၊ ဒါကတို့ရွာက အပျိုတွေကို ဘယ်သူမှမစော်ကားရဲအောင် အစဉ်အဆက် သတ်မှတ်လာတဲ့စည်းကမ်းကွ၊ ဒါကြောင့်လည်း တို့ရွာသူတွေ ကို ဘယ်သူမှလာမစော်ကားရဲတာပေါ့''

''မင်းတို့ကလည်း မဘသထက်တောင် ဆိုးပါလားကွာ''

''အဲဒါပဲ မြန်မာလူမျိုးကိုက စည်းနဲ့ကမ်းနဲ့ သတ်မှတ်ချက်နဲ့ ဥပဒေ နဲ့ လုပ်လိုက်ရင် မကြိုက်ကြတော့ဘူး၊ စည်းကမ်းပျက်နေချင်သလိုနေ လုပ် ချင်တာလုပ်၊ မိန်းမယူချင်သလောက်ယူ၊ ပွေချင်သလောက်ပွေ၊ မသထာ ရေစာပေးကမ်းတာလေးနဲ့ ကျေနပ်နေချင်ကြတာ၊ ကိုယ့်ဘဝတစ်ခုလုံး ပေး ဆပ်လိုက်ရတာ တောင် တန်ရာတန်ကြေးတောင်းရမှန်းမသိဘူး''

''ဟိတ်ကောင် တော်ပြီ တော်ပြီ၊ နိုင်ငံရေးတွေမပါကြေး၊ မင်းက အမျိုးသမီးတွေဘက်က ရှေ့နေလား၊ အမျိုးသမီးဆိုတိုင်းလည်း အမျိုးသမီး တိုင်း ကောင်းတာမဟုတ်ဘူး၊ အမျိုးကောင်းသမီးတွေရှိသလို အမျိုးမကောင်း သမီးတွေလည်း ရှိတာပဲကွ၊ တချို့က လင်ငယ်နေ စပွန်ဆာရှာမှ စားဝတ် နေရေးပြေလည်တဲ့သူရှိတယ်၊ တချို့ကျတော့ ဒါကိုပဲ ဝါသနာထုံတဲ့သူတွေ က ရှိသေးတယ်''

''တော်ကြပါတော့ကွာ စကားကပြောရင်းနဲ့ ဘယ်တွေရောက်သွား

တာလဲ၊ ကျန်တာတွေမပြောနဲ့၊ ငါတို့ဟိုမှာ ဘယ်လိုပျော်မလဲ အဲဒါပဲ စဉ်းစား''

''အိုကေ''

ဇော်မိုး တားလိုက်မှ လမ်းကြောင်းမှန်ပေါ် ပြန်ရောက်သွားသည်။ သူကတော့ အိမ်ကထွက်ရမှာမို့ တွေးပြီးကို ပျော်နေတာပါ။ ငယ်စဉ်တည်းက နေကြီးလာသည်အထိ မိသားစုနှင့်ပဲ ခရီးထွက်ဖူးခဲ့သည်။ ဘယ်သွားသွား အဘွား မာမီ အန်တီလေးတစ်ယောက်တော့ ပါစမြဲပင်။ ဆယ်တန်းအထိ လည်း တစ်ယောက်တစ်လှည့် ကျောင်းလိုက်ပို့ကြ၏ ။ တက္ကသိုလ်ရောက်မှ သာ ကားမောင်းခွင့်ရပြီး ကိုယ့်ဘာသာကျောင်းတက်ခဲ့ရသည်။

မေတ္တာတွေနှင့်ပိတ်လှောင်ခံရတာ ဆိုသော်လည်း မွန်းကြပ်ခဲ့ရတာ တော့အမှန်ပင်။ ဒါပေမဲ့ ထိုမေတ္တာတွေကို ပယ်ရှားဖို့တော့ သူ စိတ်မကူးပါ။ လုံခြုံနွေးထွေးမှုရှိခဲ့တာတော့ ငြင်းလို့မရဘူးမဟုတ်လား။

ဒါကြောင့် ခဏတာ ထွက်ပေါက်ရရုံလေးပဲ။

*